# ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဗဟိုထိန်းချုပ်ရေးအဖွဲ့ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ဘဏ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့အကြား သဘောတူလက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၊ ပြည်ထဲရေးဝန်ကြီးဌာန ၊ ဗဟိုထိန်းချုပ်ရေးအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန (ဤနောက်ပိုင်းတွင် "အဖွဲ့ဝင်နိုင်ငံများ" ဟု ဖော်ပြမည်)တို့အကြား ငွေကြေးခဝါချမှု ၊ အကြမ်းဖက်မှုငွေကြေးထောက်ပံ့ခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် သတင်းအချက်အလက်များဖလှယ်ရာ၌ နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိစေရန် အလို့ငှာ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

အဆိုပါရည်ရွယ်ချက် ပြီးမြောက်အောင်မြင်စေရန်အတွက် နှစ်နိုင်ငံအကြား အောက်ပါအတိုင်း နားလည်သဘောတူညီမှုများ ချမှတ်ထားရှိပါသည်-

## ၁။ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ

(က) အဖွဲ့ဝင်နိုင်ငံများအကြား ငွေကြေးခဝါချမှု ၊ အကြမ်းဖက်မှုငွေကြေးထောက်ပံ့ခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သံသယဖြစ်ဖွယ်လူပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးခြင်း ၊ တရားစွဲဆိုခြင်းကိစ္စရပ်များတွင် အကူအညီတောင်းဆိုလာသည့်အခါတွင်ဖြစ်စေ ၊ စဉ်ဆက်မပြတ် ဆက်ဆံဆောင်ရွက်သည့်အခြေအနေမျိုးတွင်ဖြစ်စေ ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကို အပြန်အလှန်ဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) နှစ်နိုင်ငံအကြား သတင်းအချက်အလက်များဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေစနစ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၂။ ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ တောင်းဆိုခြင်း

(က) အကူအညီတောင်းဆိုသည့်အခါတိုင်းတွင် အောက်ပါအချက်အလက်များကို ဖော်ပြတောင်းဆိုရမည်-

(၁) အကူအညီတောင်းဆိုရသည့် အကြောင်းအရာဖော်ပြချက်၊

(၂) ရရှိထားပြီးဖြစ်သော ဖြစ်စဉ်အကျဉ်းချုပ်ဖော်ပြချက်၊

(၃) ရရှိနိုင်ဘွယ်ရှိသော သိရှိလိုသည့် သတင်းအချက်အလက်များအားလုံး၊

(၄) သံသယဖြစ်ဖွယ်ရှိသော ရာဇဝတ်မှုများ ၊ စွဲချက်များဆိုင်ရာ သတင်းအချက်အလက်များနှင့် ခုံစမ်းစစ်ဆေးရေးအဆင့်၊

(၅) အကူအညီတောင်းခံလာသောနိုင်ငံ၏ တားဆီးနှိမ်နင်းရေးဆိုင်ရာဌာနများသို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းများက ပံ့ပိုးသော သတင်းအချက်အလက်များ။

(ခ) အကူအညီတောင်းဆိုခြင်းခံရသောနိုင်ငံသည် လိုအပ်သော သိရှိလိုသည့်သတင်းအချက်အလက်များကို အကူအညီတောင်းဆိုခဲ့သည့်နိုင်ငံထံမှ ထပ်မံတောင်းဆိုနိုင်သည်။

(ဂ) ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များတောင်းဆိုခြင်း ၊ ပြင်းပယ်ခြင်း ၊ ရပ်စဲ မြင်းစသည်တို့ကို ဆောင်ရွက်သည့်အခါတိုင်း စာဖြင့်ရေးသားဖော်ပြတောင်းဆိုရမည်။

၃။ **သတင်းအချက်အလက်များဆိုင်ရာ အသုံးပြုမှု**

(က) နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည့်နိုင်ငံများအကြား စာချွန်လွှာတွင်ဖော်ပြပါရှိသည့် သဘောတူညီချက်နှင့်အညီသာ သတင်းအချက်အလက်များကို အသုံးပြုရမည်ဖြစ်ပြီး အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

(ခ) ချက်ချင်းပြန်ကြားရရှိသည့် သတင်းအချက်အလက်များကိုအသုံးပြုခြင်း သို့မဟုတ် ဤနားလည်မှုစာချွန်လွှာအရ ပန်ကြားတောင်းဆိုချက်အား ကျေနပ်ဖွယ်ဆောင်ရွက်ထားရှိမှုအပေါ် မူတည်၍ ပန်ကြားမည့်အဖွဲ့၏ကြိုတင်ခွင့်ပြုချက် ၊ လက်ခံမည့်အဖွဲ့၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ အောက်ပါအချက်များအရ အသုံးပြုနိုင်ပါသည်-

(၁) အကူအညီတောင်းဆိုချက်တွင် ဖော်ပြထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့် ထောက်လှမ်းရေးဆိုင်ရာကိစ္စရပ်များအတွက်သာ အဆိုပါသတင်းအချက်အလက်များကို အသုံးပြုနိုင်ပါသည်။

(၂) တရားရုံးများတွင်သက်သေခံအဖြစ် အဆိုပါသတင်းအချက်အလက်များကို အသုံးမပြုရ။

(ဂ) အပိုဒ် ၃(က)နှင့်အညီ အကူအညီတောင်းဆိုသောနိုင်ငံသည် အဆိုပါသတင်းအချက်အလက်များကို အကူအညီပေးသောနိုင်ငံ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အခြားသောနိုင်ငံများ ၊ မိတ်ဖက်အဖွဲ့အစည်းများသို့ သတင်းဖလှယ်ခြင်းမပြုရ။

(ဃ) အကယ်၍အဖွဲ့ဝင်နိုင်ငံတစ်ခုသည် တရားရေးလုပ်ထုံးလုပ်နည်းများ သို့မဟုတ် ကျင့်ထုံးများအရ ၎င်းလက်ခံရရှိထားသောသတင်းအချက်အလက်များကို အခြားအဖွဲ့အား ဖော်ပြရန်လိုအပ်ပါက အဆိုပါလုပ်ထုံးလုပ်နည်း သို့မဟုတ် ကျင့်ထုံးများကို ထိုသတင်းပေးပို့သည့် အဖွဲ့ထံသို့ ချက်ခြင်းအကြောင်းကြားအသိပေးရမည့်အပြင် အကယ်၍ သဘောတူညီချက် မရရှိခဲ့လျှင် မည်သည့်တတိယအဖွဲ့အစည်းနိုင်ငံကိုမျှ ဖြေကြားခွင့်မရှိကြောင်း ဂရုပြုအလေးထားရမည် သို့မဟုတ် အဆိုပါကန့်သတ်ချက်များထားရှိကြောင်း ဖော်ပြရမည်။

(င) ပေးပို့သည့်အဖွဲ့ဝင်နိုင်ငံက ပေးပို့သည့်သတင်းနှင့်စပ်လျဉ်း၍ ပြည့်စုံလုံလောက်အောင် ဆောင်ရွက်ရမည့်အပြင် လက်ခံသည့်အဖွဲ့ကဖြစ်နိုင်လျှင် အချိန်နှင့်တပြေးညီပြန်လည်အကြောင်းကြားပေးရမည်။

၄။ **လျှို့ဝှက် ထားရှိခြင်း**

(က) သတင်းဖလှယ်မှုသည် လျှို့ဝှက်လုပ်ငန်းဖြစ်၍ လက်ခံသည့်အဖွဲ့ဝင်နိုင်ငံ၏ဥပဒေများနှင့်အညီ အနည်းဆုံးတရားဝင်လုံခြုံရေးဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများအရ ကာကွယ်ထိန်းသိမ်းထားရမည်။

(ခ) နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့သည့်နိုင်ငံများမှ သဘောတူညီချက်အား ရပ်စဲခြင်းမပြုမခြင်း စာချွန်လွှာပါဝင္တ္တရားများကို လိုက်နာဆောင်ရွက်ရမည်။

၅။ **စွမ်းရည် မြှင့်တင်ခြင်း**

ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်ရာတွင် အဖွဲ့ဝင်နိုင်ငံများသည် အခြားနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။ ထိုနည်းလမ်းများတွင် ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ပြစ်မှုဆိုင်ရာဆောင်ရွက်မှုများအပါအဝင် ငွေကြေးသတင်းအချက်အလက်များကို ပိစစ်ခြင်းနှင့် လေ့လာချက်များကို ဖလှယ်ခြင်း ၊ သုတေသနလုပ်ငန်းများအပါအဝင် လက်ရှိဖြစ်ပေါ်လျက်ရှိ

သော ငွေကြေးခဝါချမှုနည်းလမ်းများနှင့် နည်းလမ်းအသစ်များ ၊ ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများ ၊ ငွေကြေး ခဝါချမှုအသွင်သဏ္ဌာန်များ ပါဝင်ရမည်။

၆။ **အကူအညီတောင်းဆိုမှုအား ငြင်းပယ်ခြင်း**

အပြည်ပြည်ဆိုင်ရာသဘောတူညီချက် သို့မဟုတ် အမျိုးသားအကျိုးစီးပွါး ၊ လုံခြုံရေးနှင့်အချုပ်အခြာအာဏာကို ထိပါးစေသောကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံများအကြား လက်ခံကျင့်သုံးနေသောဥပဒေနှင့်အညီ အကူအညီတောင်းခံခြင်းအား ငြင်းပယ်နိုင်သည်။ ငြင်းပယ်ရသည့်အကြောင်းရင်းကို ဖော်ပြပြန်ကြားရမည်။

၇။ **အကူအညီတောင်းခံရာတွင် အသုံးပြုမည့် ဘာသာစကား**

အဖွဲ့ဝင်နိုင်ငံအချင်းချင်းဆက်သွယ်ဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာကို အသုံးပြုသွားရမည်ဖြစ်ပါသည်။

၈။ **စာရင်းစစ်ဆေးမှုဖြင့် ထိန်းသိမ်းခြင်း**

အဖွဲ့ဝင်နိုင်ငံများသည် နားလည်မှုစာချွန်လွှာပါသတ်မှတ်ချက်များအတိုင်း ရရှိထားသောသတင်းအချက်အလက်များကို ထိရောက်မှန်ကန်စွာ အသုံးပြုထိန်းသိမ်းခြင်း ရှိ/မရှိ အား စာရင်းစစ်ဆေးရေးမှူးများ ဖြင့် ပုံမှန်စစ်ဆေးရမည်။

၉။ **ဆက်သွယ် ဆောင်ရွက်ခြင်း**

အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံအလိုက် ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ စာချွန်လွှာပါအချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် အပြန်အလှန်တိုင်ပင်နှီးနှော ဆက်သွယ်ဆောင်ရွက်သွားမည်။

၁၀။ **စာချွန်လွှာသက်ရောက်သည့် နေ့ရက် ၊ ပြင်ဆင်ခြင်း နှင့် ရုပ်စဲခြင်း**

(က) အဖွဲ့ဝင်နိုင်ငံများလက်မှတ်ရေးထိုးသည့် နေ့ရက်အချိန်မှစ၍ စတင်အာဏာသက်ရောက်မည်ဖြစ်ပါသည်။

(ခ) အပြန်အလှန်သဘောတူညီချက်အရ ဤနားလည်မှုစာချွန်လွှာကို မည်သည့်အချိန်တွင်မဆိုစာဖြင့်ရေးသား၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

(ဂ) အခြားအဖွဲ့ဝင်နိုင်ငံသို့ စာချွန်လွှာအားရုပ်စဲရန် အကြောင်းကြားသည့်နေ့မှ နောက်ရက်ပေါင်း(၃၀)ပြည့်သည့်နေ့တွင် သဘောတူညီချက် စတင်ရုပ်စဲမည်ဖြစ်ပါသည်။

| | |
|---|---|
| လက် မှတ် ၊ | လက် မှတ် ၊ |
| ( x x x x x x x x x x ) | ( x x x x x x x x x x ) |
| ဗဟိုထိန်းချုပ်ရေးအဖွဲ့ | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ |
| ရက် စွဲ ၊ | ရက် စွဲ ၊ |